# ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကော်သူးလေ

www.knuhq.org

## ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဥက္ကဌ ဗိုလ်ချုပ်ကြီး စောမူတူစေးဖိုး မှ (၇၃) နှစ်မြောက် ကော်သူးလေနေ့ သို့ ပေးပို့သော သဝဏ်လွှာ

ရက်စွဲ။ ။ဇွန်လ ၁၄ ရက်၊ ၂၀၂၂ ခုနှစ်။

**မျိုးချစ် ခေါင်းဆောင်များ၊ စစ်သည်တော်များနှင့် ကရင့်အမျိုးသား အပေါင်းတို့**

ယနေ့ ဇွန်လ (၁၄) ရက်နေ့သည် **ကော်သူးလေ နေ့** ဖြစ်ပါသည်။ ၁၉၄၉ ခုနှစ် ဇွန်လ (၁၄) ရက်နေ့တွင် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ခေါင်းဆောင်များနှင့် တပ်ဖက်ဆိုင်ရာ အရာရှိများ၏ အစည်း အဝေးကို တောင်ငူမြို့တွင် ကျင်းပခဲ့ကြပါသည်။ ထို အစည်းအဝေးတွင် ကရင့်အမျိုးသားများ၏ တော်လှန်ရေး အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ကြသည့်အခါ **ကော်သူးလေ အစိုးရ** ကို ဖွဲ့စည်း တည်ဆောက်ပြီး အုပ်ချုပ်ရေး ဆိုင်ရာ တည်ဆောက်မှုများ ပြုပြင်လုပ်ဆောင်ရမည်ဟု ရှုမြင်ကြပြီး **ကော်သူးလေ အစိုးရ** ကို ဖွဲ့စည်းတည်ဆောက်ခဲ့ပါသည်။ ထို့အပြင်၊ ဤနေ့အား **ကော်သူးလေ နေ့** အဖြစ် ခေါ်ယူ သတ်မှတ်ခဲ့ကြပါသည်။ သည့်အပြင်၊ **ကော်သူးလေ အစိုးရ** နေ့ကို သားစဉ်မြေးဆက် ဂုဏ်ပြု ကျင်းပ နိုင်ရန်အတွက် ဤနေ့ရက်အား သမိုင်းဝင် နေ့ တစ်နေ့အဖြစ် အသိအမှတ်ပြုခဲ့ကြပါ သည်။

**ကော်သူးလေ နေ့** သည် မိမိတို့ ကရင့်အမျိုးသား ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်း ဆိုင်ရာ ဖြတ်သန်းမှု အတွေ့အကြုံများကို မီမောင်းထိုးခဲ့သော နေ့တစ်နေ့ ဖြစ်ပါသည်။ ကရင့်အမျိုး သားများသည် လက်နက်ကိုင်တော်လှန်ရေး စတင်ဆင်နွှဲချိန်တွင် မြို့ရွာများကို တစ်မြို့ပြီး တစ်မြို့ သိမ်းပိုက်နိုင်ခဲ့ကြပါသည်။ သို့ရာတွင်၊ အုပ်ချုပ်ရေး ပိုင်းတွင် အလွန်အားနည်းခဲ့ပါသည်။ အစိုးရ တစ်ရပ် အနေဖြင့် မြို့ရွာ အုပ်ချုပ်ရေး နှင့် လူထုရေးရာ စီမံခန့်ခွဲမှုများအတွက် ညွှန်ကြားချက်များကို လုံးဝ မလုပ်ဆောင်နိုင်ခဲ့ပေ။ အချို့သော ပြည်သူလူထုများမှ မြို့ရွာ အုပ်ချုပ်ရေး နှင့် လူထုရေးရာ စီမံခန့်ခွဲမှုများအတွက် အုပ်ချုပ်ရေး ဆိုင်ရာ အရာရှိများကို တောင်းဆိုခဲ့ကြသော်လည်း ထို လိုအပ် ချက်များကို လုံးဝ မဖြည့်ဆည်းနိုင်ခဲ့ပေ။ အချို့သော ခေါင်းဆောင်များက ထိုကဲ့သို့သော လိုအပ်ချက် များသည် အရေးပေါ် လိုအပ်ချက်အဖြစ် ရှုမြင်ခဲ့ ကြသောကြောင့် ၁၉၄၉ ခုနှစ် ဇွန်လ (၁၄) ရက်နေ့ တွင် အရေးပေါ် အစည်းအဝေး တစ်ရပ်ကို တောင်ငူမြို့၌ ခေါ်ယူခဲ့ကြပြီး **ကော်သူးလေ အစိုးရ** ကို ထိုနေ့၌ပင် ဖွဲ့စည်းတည်ဆောက်ကာ ထိုနေ့ရက်အား **ကော်သူးလေ နေ့** အဖြစ် သတ်မှတ်ခဲ့ကြပါ သည်။

ထိုနည်းတူစွာပင် ကော်ခို စောဦးကြီး နှင့် အချို့သော ခေါင်းဆောင်ကြီးများမှ ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး၏ အုပ်ချုပ်ရေးပိုင်း(KNU) နှင့် ကရင့်အမျိုးသား ကာကွယ်ရေးတပ် (KNDO)အား ပြုပြင်မွန်းမံမှုများ လုပ်ဆောင်ရမည်ကို နားလည်သဘောပေါက်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ကော်ခို စောဘဦးကြီးမှ ကြီးမှူးပြီး ၁၉၅၀ ခုနှစ် ဇူလိုင်လ ၁၇ ရက်မှ ၁၉ ရက်နေ့အထိ ဖာပွန် ကွန်ကရက်ကို ခေါ်ယူကျင်းပခဲ့ပါသည်။

ထိုကွန်ဂရက်တွင် ဗိုလ်ချုပ် စိုင်းကေမှ ကေအန်ယူ ၏ ဖွဲ့စည်းတည်ဆောက်မှုအား ပြုပြင် မွန်းမံရန် အဆိုပြုခဲ့ပါသည်။ ဗိုလ်ချုပ် မင်းမောင်မှလည်း ကရင့်အမျိုးသား ကာကွယ်ရေး တပ်အား ပြုပြင်မှုများ ပြုလုပ်ရန်နှင့် ပဒိုလောရီ ဖိုးကီး မှ အုပ်ချုပ်ရေး ဆိုင်ရာ မွန်းမံမှုများ ပြုလုပ်ရန် အသီးသီး အဆိုပြုခဲ့ကြပါသည်။ သို့ရာတွင်၊ အချို့သော ခေါင်းဆောင်များမှ ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သောကြောင့် နောက်ဆုံးတွင် ကွန်ကရက်က ရည်ရွယ်ထားသည့် ကေအဲန်ယူ ၏ ဖွဲ့စည်း တည်ဆောက်မှုနှင့် အုပ်ချုပ်ရေး ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လူထုရေးရာ စီမံခန့်ခွဲမှုများကို မချမှတ်နိုင်ခဲ့ကြပေ။

အမှန်စင်စစ် ထိုခေတ်ထိုအခါက ကြီးစိုးခဲ့သော တွေးခေါ်ယူဆချက် တစ်ခုသည် တော်လှန်ရေးကာလ ဖြစ် နေသောကြောင့် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ လုပ်ငန်းဆောင်တာများနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများဖြင့် အလုပ်ပို ဂန်ပိုလာမည့် လုပ်ဆောင်ချက်များကို မလုပ်ဆောင်သင့်ဟု နားလည် ယူဆနေကြသည့် ခေါင်းဆောင်မှုများက ကြီးစိုးခဲ့ကြပါသည်။ တော်လှန်ရေး ကာလတွင် နိုင်ငံ တစ်နိုင်ငံကဲ့သို့ စီမံအုပ်ချုပ်နိုင်ရန် မဖြစ်နိုင်။ ထို့ကြောင့်၊ တော်လှန်ရေး ကာလတွင် အုပ်ချုပ်ရေး နှင့် လူထုရေးရာ စီမံခန့်ခွဲမှုများဖြစ်သည့် ဂန်ထုတ်ဂန်ပိုးများကြောင့် တော်လှန်ရေးကြီး လျှင်မြန်စွာ အောင်မြင်နိုင်မှုအတွက် အဟန့်အတား မဖြစ်သင့်ဟု ယူဆချက်များ ကြီးစိုးခဲ့ကြပါသည်။ ထို့ကြောင့်၊ စစ်တပ်ကိုသာ အာဏာပေးအပ်ရမည်ဆိုသည့် အယူအဆဖြင့် စစ်တပ်အား အာဏာပေးအပ်ခဲ့ပြီး စစ်အုပ်ချုပ်ရေးကို တည်ဆောက်ခဲ့ကြပါသည်။

ထိုကဲ့သို့သော အခြေအနေများကြောင့် စစ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ညွှန်ကြားချက်များ ပေးရမည့် ကော်ခို စောဘဦးကြီးသည်လည်း မည်သည့် ညွှန်ကြားချက်များမှ လုပ်ဆောင်နိုင်စွမ်း မရှိတော့ပေ။ ဦးဆောင်သူအားလုံးကို စစ်ဘက်ဆိုင်ရာ ရာထူးများ ပေးအပ်ကာ လုပ်ပိုင်ခွင့် အာဏာ အရပ်ရပ်ကိုလည်း စစ်တပ်၏ လက်သို့ အပ်နှံခဲ့ကြပြီး စစ်အုပ်ချုပ်ရေးနှင့် စစ်တပ်၏ ကြီးစိုးရေးကို တည်ဆောက်ခဲ့ကြပါသည်။ စစ်အုပ်ချုပ်ရေးကို တည်ဆောက်ခဲ့ကြသည့် နောက်ပိုင်းတွင် အချို့သော စစ်ဘက်ဆိုင်ရာ လက်အောက် အရာရှိများသည် အထက်အရာရှိများ၏ အကြံဉာဏ်များကို ရယူခြင်း များ မရှိတော့ပေ။ မိမိတို့၏ အရာရှိများနှင့် အုပ်ချုပ်ရေးဆိုင်ရာ ခေါင်းဆောင်များကိုပင် အထင်အမြင်သေးမှုများ ပြုလုပ်လာခဲ့ကြပါသည်။ နိုင်ငံရေးအရ လမ်းညွှန်မှုများကိုလည်း နာခံမှု မရှိတော့ပေ။ နောက်ဆုံးတွင် မိမိတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ဦးစားပေးလာကြပြီး လူထုဆန့်ကျင်ရေး လုပ်ငန်း များကိုလည်း လုပ်ဆောင်လာကြသည်။ ထို့ကြောင့်၊ ပြည်သူလူထု အချို့မှာ စိတ်ဓာတ်ရေးရာအရ  ကျဆင်းလာကြ ပြီး တော်လှန်ရေးကို စွန့်ပယ်လာကြပါသည်။

**မျိုးချစ် ခေါင်းဆောင်များ၊ စစ်သည်တော်များနှင့် ကရင့်အမျိုးသား အပေါင်းတို့**

ကရင့်အမျိုးသားများ၏ တော်လှန်ရေး သမိုင်းနှင့် သက်ဆိုင်သော **ကော်သူးလေ နေ့** ဖြစ် သည့် ကော်သူလေ၏ အုပ်ချုပ်ရေး ဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှု နှင့် ပြုပြင်မွမ်းမံမှုသမိုင်းများသည် မိမိတို့အတွက် သင်ခန်းစာ ရယူရမည့် အချက်(၂)ချက်ရှိ ပါသည်။ ပထမအချက် အနေဖြင့် နိုင်ငံရေး ဆိုင်ရာ လမ်းညွှန်မှုများ ရယူခြင်းနှင့် ဒုတိယအချက် အနေဖြင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု အတတ်ပညာပင် ဖြစ်ပါသည်။

လက်နက်ကိုင် တိုက်ခိုက်နေကြသူများ အနေဖြင့် နိုင်ငံရေး၏ ဦးဆောင်လမ်းညွှန်မှုများကို လေးစားလိုက်နာခြင်း မရှိပါက လူထုဆန့်ကျင်ရေး လုပ်ငန်းများကို လုပ်ဆောင်လာနိုင်ပြီး လူထု၏ ထောက်ခံမှုများကိုလည်း ရရှိနိုင်မည် မဟုတ်ပေ။ ထိုနည်းတူစွာပင်၊ တော်လှန်ရေး သမားများ အနေဖြင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု အတတ်ပညာများ ကင်းမဲ့ နေပါကလည်း တော်လှန်ရေး အောင်မြင်နိုင်မည် မဟုတ်ပေ။ အချို့သော နိုင်ငံများမှ တော်လှန်ရေးသမားများသည် တော်လှန်ရေး ကာလတစ်လျှောက်၌ ပြည်သူလူထု၏ ထောက်ခံမှုများကို အကောင်းဆုံး ရရှိခံစားခဲ့ကြရသော်လည်း တော်လှန်ရေးကြီး အောင်မြင်လာသည့် နောက်ပိုင်း အစိုးရ၏ အုပ်ချုပ်ရေး လုပ်ငန်း လူထုရေးရာ စီမံခန့်ခွဲမှု လုပ်ငန်းများ၌ ပါဝင်လာကြသည့် နောက်ပိုင်းတွင် လူထု၏ ထောက်ခံမှုများကို အရင်က ကဲ့သို့ မရရှိကြတော့ပေ။

ထို့ကြောင့်၊ **ကော်သူးလေ နေ့** ဖြစ်သော **ကော်သူးလေ အစိုးရ** ကို တည်ဆောက်သောနေ့ တွင် မိမိတို့ သင်ခန်းစာ ရယူရမည့် အချက်များမှာ တော်လှန်ရေး ကာလ၌ပင်လျှင် နိုင်ငံရေးအရ လမ်းညွှန်မှုများ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများ နှင့် အနာဂါတ် ခေါင်းဆောင်များဖြစ်သည့် လူငယ် ခေါင်းဆောင် မွေးထုတ်ရေး လုပ်ငန်းများကို မမေ့အပ် သည့် အချက်များပင် ဖြစ်ပါသည်။ ခေတ်ကာလနှင့်အညီ တိုးတက်ပြောင်းလဲနေသည့် နိုင်ငံရေး အသိပညာများ၊ ပြည်သူ့ ရေးရာ စီမံခန့်ခွဲရေး နှင့် လာမည့်အနာဂါတ်ကာလတွင် မိမိတို့၏ ကံကြမ္မာကို မိမိတို့ကသာလျှင် ဖန်တီးပြီး စီမံအုပ်ချုပ် နိုင်ရန် အနာဂတ် မျိုးဆက်သစ်များအား မွေးထုတ်ခြင်းဖြင့် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းရင်း နိဂုံးချုပ် အပ်ပါ သည်။

ကျေးဇူးတင်ပါသည်။

ဥက္ကဌ
ကေအဲန်ယူ-ကရင့်အမျိုးသား အစည်းအရုံး
ဗဟို ဌာနချုပ်